
# ACC Against COVID-19




## အစီအစဉ် (၃၈)

## “COVID-19 နှင့် ဥပဒေဗဟုသုတ (၂)”

တင်ပြသူ


ဦးဟန်ညွန့် (ဥပဒေ)

# ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေအကြောင်းသိကောင်းစရာ အမည်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်

၁။ ဤဥပဒေကို ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ် သက်ရောက်စေရမည်။

(က) ကူးစက်ရောဂါဆိုသည်မှာ လူတစ်ဦးမှ တစ်ဦးသို့လည်းကောင်း၊ တိရစ္ဆာန်မှ လူသို့လည်းကောင်း၊ သွေးနှင့် သွေးထွက်ပစ္စည်းမှတစ်ဆင့် လူသို့လည်းကောင်း၊ လူ့အသုံးအဆောင် ပစ္စည်းမှတစ်ဆင့် လူသို့လည်းကောင်း၊ အစားအသောက်မှတစ်ဆင့် လူသို့လည်းကောင်း၊ ခြင်၊ ယင်၊ လှေး စသည့် ပိုးမွှားကောင်များမှတစ်ဆင့် လူသို့လည်းကောင်း ကူးစက်တတ်သောရောဂါကို ဆိုသည်။







(ခ) ကူးစက်မြန်ရောဂါ ဆိုသည်မှာ ကာလဝမ်းရောဂါ၊ ပလိပ်ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ခုခံအားကျဆင်းမှုရောဂါ၊ ကူးစက်မြန် ပြင်းထန်အဆုတ်ရောင်ရောဂါ (SARS) နှင့် ကြက်ငှက်တုပ်ကွေး ရောဂါတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကူးစက် မြန်ရောဂါအဖြစ် သတ်မှတ်သည့် ကူးစက်ရောဂါများလည်းပါဝင် သည်။

(ဂ) တိုင်ကြားရမည့် ကူးစက်ရောဂါဆိုသည်မှာ ရောဂါဖြစ်ပွားကြောင်း သိရှိပါက သက်ဆိုင်ရာသို့ ချက်ချင်းတိုင်ကြားရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ် သည့် ကူးစက်ရောဂါကိုဆိုသည်။



(ဃ) **အညစ်အကြေး** ဆိုသည်မှာ အမှိုက်သရိုက်၊ စာကြွင်းစားကျန်၊ ရေပုပ်၊ ရေသိုး၊ တိရစ္ဆာန်အသေကောင်၊ စက်ရုံ၊ အလုပ်ရုံများမှ စွန့်ထုတ်သည့်အမှုန်၊ အခိုးအငွေ့၊ ဇီဝပစ္စည်း၊ ဓာတုပစ္စည်းနှင့် အဏုမြူဓာတ်ကြွပစ္စည်းများ၊ လူနှင့် တိရစ္ဆာန်တို့မှထွက်ရှိသော သွေး၊ သလိပ်၊ ပြည်၊ တံတွေး၊ ဆီး၊ မစင်နှင့် ခန္ဓာကိုယ်အစိတ်အပိုင်းတို့ကို ဆိုသည်။

(င) **အစားအသောက်** ဆိုသည်မှာ လူတို့အသင့်စားသုံးနိုင်သော၊ သောက်သုံးနိုင်သော သို့မဟုတ် ဝါးထွေးနိုင်သော ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင်စားသုံးခြင်း၊ သောက်သုံးခြင်း သို့မဟုတ် ဝါးထွေးခြင်း ပြုလုပ်ရာ၌ အသုံးပြုသောပစ္စည်းများနှင့် အစားအသောက် ထုတ်လုပ်ရာတွင် ပါဝင်သည့် ကုန်ကြမ်းပစ္စည်းနှင့် ထပ်ဖြည့်ပစ္စည်းတို့လည်း ပါဝင်သည်။



(စ) ကျန်းမာရေး အရာရှိဆိုသည်မှာ ဤဥပဒေပါ
ကျန်းမာရေးအရာရှိ၏ လုပ်ငန်းတာဝန်များကို
ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသော
ကျန်းမာရေးဦးစီးဌာနမှ အရာရှိကိုဆိုသည်။
ယင်းစကားရပ်တွင် ကျန်းမာရေးနှင့်အားကစား
ဝန်ကြီးဌာနက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့်
ညှိနှိုင်းပြီး ကျန်းမာရေးအရာရှိ၏ လုပ်ငန်းတာဝန်များကို
ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသော အခြား
အစိုးရဌာန၊ အဖွဲ့အစည်းမှ အရာရှိများလည်း ပါဝင်သည်။





(ဆ) **ကျန်းမာရေးဝန်ထမ်း** ဆိုသည်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အခြားအစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းအသီးသီးတွင် ပြည်သူ့ ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသူကိုဆိုသည်။

(ဇ) **တိုင်းရင်းဆေးဆရာ** ဆိုသည်မှာ တိုင်းရင်းဆေးကောင်စီ ဥပဒေအရ မှတ်ပုံတင်ပြီးသော တိုင်းရင်းဆေးပညာတတ်ကျွမ်း သူတစ်ဦးဦးကို ဆိုသည်။

# ကြိုတင်ကာကွယ်ခြင်း


- ပုဒ်မ ၃ (က) ကျန်းမာရေးဦးစီးဌာနသည် ကူးစက်ရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် အောက်ပါလုပ်ငန်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရမည်-
- (၁) ကလေးသူငယ်များအားကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်း၊
- (၂) လိုအပ်ပါကအရွယ်ရောက်သူများကိုပါ ကာကွယ်ဆေးထိုးခြင်းနှင့်ကာကွယ်ဆေး တိုက်ကျွေးခြင်း၊
- (၃) ကူးစက်ရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- ပုဒ်မ ၄ အများပြည်သူတို့သည် ကူးစက်ရောဂါဖြစ်ပွားပျံ့နှံ့မှုမရှိစေရေးနှင့် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးတို့နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီး ဌာနတို့၏ ပုဒ်မ ၃ ပါ ဆောင်ရွက်ချက်များကို လိုက်နာဆောင်ရွက်ကြရမည်။

## ပုဒ်မ ၅

ကျန်းမာရေးအရာရှိသည် မိမိတာဝန်ကျရာ နယ်မြေဒေသအတွင်း ကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့် ကူးစက်ရောဂါဖြစ်ပွားသည့်အခါ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ရောဂါဖြစ်ပွားရာနေအိမ်၊ အစားအသောက်ထုတ်လုပ်ရောင်းချသည့် အလုပ်ရုံ၊ စက်ရုံ၊ အလုပ်ဌာန၊ ဈေးနှင့်ဆိုင်များ၊ အခြားလိုအပ်မည့် နေအိမ်များ၊ ဥပစာများ၊ နေရာများ၊ အဆောက်အအုံများကို ဝင်ရောက်စစ်ဆေး၍ သန့်ရှင်းရေးနှင့်အခြားလိုအပ်သည့် လုပ်ငန်းများကို ဆောင်ရွက်စေခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ နေရာများနှင့် ယင်းနေရာများအတွင်းရှိ ပစ္စည်းများ၊ အဝတ်အထည်များ၊ ပန်းကန်ခွက်ယောက်များ၊ အခြား လူသုံးပစ္စည်းများကို ရောဂါပိုးသုတ်သင်ရေးလုပ်ငန်းများ ဆောင်ရွက်စေခြင်း၊





(ဂ) မီးရထား၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ်နှင့် အခြားယာဉ်များကို ရောဂါပိုးသုတ်သင်ရေးလုပ်ငန်းများ ဆောင်ရွက်စေခြင်း၊

(ဃ) ရေတွင်း၊ ရေကန်များကို ရောဂါပိုးသန့်စင်စေသော ဆေးခတ်စေခြင်း၊

(င) ရောဂါကူးစက်စေသည့် သို့မဟုတ် ရောဂါပိုးသယ်ဆောင်သည့် ပိုးမွှားများကင်းစင်စေရန် ဆောင်ရွက်ခြင်း၊

(စ) ကူးစက်မြန်ရောဂါဖြင့် သေဆုံးသော လူသေအလောင်းမှတစ်ဆင့် ရောဂါကူးစက်ခြင်းမရှိစေရန် ဆောင်ရွက်စေခြင်း၊

(ဆ) ပုဒ်မ ၁၄ အရ တားမြစ်ပိတ်ပင်သည့် သို့မဟုတ် ကန့်သတ်သည့် အမိန့်ထုတ်ပြန်နိုင်ရန် သက်ဆိုင်ရာလုပ်ပိုင်ခွင့် အပ်နှင်းခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ထံသို့ ကူးစက်မြန်ရောဂါနှင့် စပ်လျဉ်းသည့် အခြေအနေအရပ်ရပ်ကို တင်ပြအစီရင်ခံခြင်း၊

(ဇ) လူများစားသုံးရန် မသင့်သော အစားအသောက်များကို ပိတ်ပင်ရန် သို့မဟုတ် ဖျက်ဆီးရန် ညွှန်ကြားခြင်း၊

(ဈ) ကူးစက်မြန်ရောဂါ ဖြစ်ပွားကူးစက်ပျံ့နှံ့စေသော သို့မဟုတ် ဖြစ်ပွားကူးစက်ပျံ့နှံ့စေသည်ဟု သံသယဖြစ်ဖွယ်ရာရှိသော အစားအသောက်များ၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်မှထွက်ရှိသော ပစ္စည်းများကို ဖျက်ဆီးရန် သို့မဟုတ် ရောင်းချခြင်းမပြုရန်သော်လည်းကောင်း၊ ယင်းအစားအသောက်များကို ထုတ်လုပ်ရောင်းချသော အလုပ်ရုံ၊ စက်ရုံ၊ အလုပ်ဌာန၊ ဈေး သို့မဟုတ် ဆိုင်ကို ပိတ်စေရန် သော်လည်းကောင်း ညွှန်ကြားခြင်း၊

(ည) သောက်သုံးရေပေးဝေရေးလုပ်ငန်းနှင့် အဝတ်လျှော်လုပ်ငန်းများကိုစစ်ဆေး၍ ယင်းလုပ်ငန်းများမှတစ်ဆင့် ရောဂါကူးစက်ပျံ့နှံ့ကြောင်း ထင်ရှားလျှင် ယင်းလုပ်ငန်းများကို ပိတ်စေရန် ညွှန်ကြားခြင်း။

ပုဒ်မ ၆

ကျန်းမာရေးအရာရှိသည် မိမိဆောင်ရွက်ရမည့် သို့မဟုတ် ဆောင်ရွက်ခွင့်ရှိသည့် လုပ်ငန်းတာဝန်များကို ကျန်းမာရေး ဝန်ထမ်းအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။




ပုဒ်မ ၇

ကျန်းမာရေးအရာရှိသည် ပုဒ်မ ၅ ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနယ်မြေဒေသရှိ အစိုးရဌာန အစိုးရအဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းများမှ သင့်လျော်သော ပုဂ္ဂိုလ်များ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူရမည်။



## ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ခြင်း

၈။ ကူးစက်ရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ကူးစက်ရောဂါဖြစ်ပွားသည့်အခါ ထိရောက်စွာ နှိမ်နင်းနိုင်ရန် အများပြည်သူတို့သည် သက်ဆိုင်ရာ နယ်မြေဒေသရှိ ကျန်းမာရေး အရာရှိ၏ ကြီးကြပ် ကွပ်ကဲမှုဖြင့် အောက်ပါပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရန်တာဝန်ရှိ သည်-

(က) အိမ်တွင်း၊ အိမ်ပြင် သို့မဟုတ် ခြံတွင်း၊ ခြံပြင်သန့်ရှင်းရေး၊

( ခ) ရေတွင်း၊ ရေကန်နှင့် ရေမြောင်းများ သန့်ရှင်းရေး၊

(ဂ) အညစ်အကြေးများကို ကျန်းမာရေးနှင့် ညီညွတ်စွာ သိမ်းဆည်းစွန့်ပစ်ရေး၊ မီးရှို့ဖျက်ဆီးရေး၊

(ဃ) ယင်လုံအိမ်သာများဆောက်လုပ်ရေး၊ ယင်းအိမ်သာများကို သန့်ရှင်းစွာ ထားရှိသုံးစွဲရေး၊

(င) အခြားလိုအပ်သော ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရေး။

## အသွားအလာတားမြစ်ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်း





၁၄။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် အရာရှိသည် အောက်ပါကိစ္စရပ်များအတွက် တားမြစ်ပိတ်ပင်သည့် သို့မဟုတ် ကန့်သတ်သည့် အမိန့်ထုတ်ပြန်နိုင်သည်-

(က)ကူးစက်မြန်ရောဂါ ဖြစ်ပွားနေသူအား နေအိမ်မှထွက်ခွာသွားလာခွင့်၊

(ခ) ကူးစက်မြန်ရောဂါဖြစ်ပွားရာ နေအိမ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် မြို့နယ်အတွင်းရှိနေသူများကို ပြင်ပသို့ထွက်ခွာသွားလာခွင့်၊

(ဂ) ပြင်ပမှလူများအား ကူးစက်မြန်ရောဂါဖြစ်ပွားရာ နေအိမ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် မြို့နယ်အတွင်းသို့ ဝင်ရောက်ခွင့်၊





(ဃ) မီးရထား၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ် သို့မဟုတ် အခြား ယာဉ်တစ်မျိုးမျိုးဖြင့် ရောက်ရှိလာသူများအနက် ကူးစက်မြန်ရောဂါ ဖြစ်ပွားနေသူပါရှိလာပါက ယင်းရောဂါဖြစ်ပွားနေသူအား ကျန်းမာရေး စစ်ဆေးရန်အလို့ငှာ သီးခြားထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သော အချိန်အထိ ပြင်ပသို့ ထွက်ခွာသွားလာခွင့်၊

(င) ပွဲလမ်းသဘင်ကျင်းပနေစဉ် ကူးစက်မြန်ရောဂါဖြစ်ပွားလာပါက အများပြည်သူတို့အား ပွဲလမ်းသဘင်ကျင်းပရာနေရာသို့ သွားလာခွင့်နှင့် ပွဲလမ်းသဘင်ကို ဆက်လက်ကျင်းပခွင့်၊




(စ) ကူးစက်မြန်ရောဂါဖြစ်သည်ဟု သံသယရှိသည့် တိရစ္ဆာန် သို့မဟုတ် ယင်းတိရစ္ဆာန်ထွက်ပစ္စည်း သယ်ဆောင်လာသောယာဉ်အား ဝင်ထွက်သွားလာခွင့်။

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ၃၁-၁၂-၂၀၁၆ အထိ စီမံခန့်ခွဲလျက်ရှိသော ဥပဒေများ

1. The Lunarcy Act ( India Act 4, 1912, Vol.IV)
2. The Myanmar Medical Degree Act ( India Act 7, 1916, Vol-IV)
3. The Poisons Act( India Act 12,1919,Vol-IV)
4. The Geneva Convention Implementing Act(India Act 14, 1936,Vol-V)
5. ၁၉၇၂ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ( ဥပဒေအမှတ် ၁/၁၉၇၂)
6. မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေ (နဝတဥပဒေအမှတ် ၂၁/၁၉၉၀)

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ၃၁-၁၂-၂၀၁၆ အထိ စီမံခန့်ခွဲလျက်ရှိသော ဥပဒေများ

7. အမျိုးသားဆေးဝါးဥပဒေ ( နဝတဥပဒေအမှတ် ၇/၁၉၉၂)
8. မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥပဒေ (နဝတဥပဒေအမှတ် ၆/၁၉၉၃)
9. ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ (နဝတဥပဒေအမှတ် ၁/၁၉၉၅)
10. မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေ (နဝတဥပဒေအမှတ် ၂/၁၉၉၆)
11. တိုင်းရင်းဆေးဝါးများ ဥပဒေ (နဝတဥပဒေအမှတ် ၇/၁၉၉၆)
12. အမျိုးသားအစားအသောက်ဥပဒေ (နဝတဥပဒေအမှတ် ၅/၁၉၉၇)
13. တိုင်းရင်းဆေးကောင်စီဥပဒေ (နယကဥပဒေအမှတ် ၂/၂၀၀၀)

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ၃၁-၁၂-၂၀၁၆ အထိ စီမံခန့်ခွဲလျက်ရှိသော ဥပဒေများ

14. သွေးနှင့် သွေးပစ္စည်းဆိုင်ရာဥပဒေ (နယကဥပဒေအမှတ် ၁/၂၀၀၃)
15. ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ (နယကဥပဒေအမှတ် ၅/၂၀၀၆)
16. ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ (နယကဥပဒေအမှတ် ၅/၂၀၀၇)
17. မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေ (နယကဥပဒေအမှတ် ၁၂/၂၀၁၁)
18. ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကို ကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာ ဥပဒေ (ပထစဥပဒေအမှတ် ၅၃/၂၀၁၄)

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ၃၁-၁၂-၂၀၁၆ အထိ စီမံခန့်ခွဲလျက်ရှိသော ဥပဒေများ

19. မြန်မာနိုင်ငံဆေးကောင်စီဥပဒေ (ပထစဥပဒေအမှတ် ၂၆/၂၀၁၅)
20. မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီဥပဒေ (ပထစဥပဒေအမှတ် ၂၇/၂၀၁၅)
21. လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေ ( ပထစဥပဒေအမှတ် ၂၈/၂၀၁၅)
22. မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေ (ပထစဥပဒေအမှတ် ၅၂/၂၀၁၅)
23. ကိုယ်အင်္ဂါအစိတ်အပိုင်း လှူဒါန်းခြင်းဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၅၈/၂၀၁၅)

ဆက်လက်တင်ပြပါမည်။




ဦးဟန်ညွန့် (ဥပဒေ)